မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

July 7, 2025 | Volume 92, Number 5

၇.၇.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၆၆.၈၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၃.၂၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၅၅.၄၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၁၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၇၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၃.၁၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၅.၅၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၃၇ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ကမ္ဘာ့ပြောင်းဈေးကျဆင်းမှုကြောင့် ပြည်တွင်းပြောင်းဈေးကျ




ကမ္ဘာ့ပြောင်းဈေးနဲ့ ထိုင်းနိုင်ငံမှာ ပြောင်းဈေးနှုန်းကျဆင်းနေတာကြောင့် ပြည်တွင်းဈေးကွက်မှာလည်း ပြောင်းဈေးနှုန်းကျဆင်းတယ်လို့ ပြောင်းဈေးကွက်က သိရပါတယ်။

လက်ရှိမှာ မြန်မာ့ပြောင်းကို အိန္ဒိယ၊ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်ဈေးကွက်တွေကို မတင်ပို့နိုင်သေးဘဲ ထိုင်းဈေးကွက်တစ်ခုကိုပဲ တင်ပို့နေတယ်လို့ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း ဂုဏ်ထူးဆောင်နာယက ဦးမင်းခိုင်က ပြောပါ တယ်။

အမေရိကန်က စိုက်ပျိုးထွက်ရှိပြီး မျိုးရိုးဗီဇပြောင်းလဲထားတဲ့ပြောင်းအမျိုးအစား (GMO Corn)နဲ့ မြန်မာနိုင်ငံက စိုက်ပျိုးထွက်ရှိပြီး မျိုးရိုးဗီဇပြောင်းလဲထားတာမရှိတဲ့ ပြောင်းအမျိုးအစား(Non GMO Corn)တွေဟာ ဈေးနှုန်း ကွာဟမှုရှိပြီး GMO Corn တစ်တန်ဈေးက Non GMO Corn ထက် အမေရိကန်ဒေါ်လာ ၄၀ လောက်သက်သာတာကလည်း ထိုင်းကိုတင်ပို့နေတဲ့ မြန်မာ့ပြောင်းဈေးကွက်အပေါ် သက်ရောက်မှုရှိတယ်လို့ ဈေးကွက်ကျွမ်း ကျင်သူတချို့က ဆိုပါတယ်။

ပြည်တွင်းမှာ အရည်အသွေးမြင့် ပြောင်းသန့်လက်ကျန်က နည်းနေပြီး ဈေးကျတဲ့အတွက် ပြည်တွင်း အစာစက် တွေက ဝယ်လိုအား တက်လာတယ်လို့ သိရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်စာရင်းတွေအရ ဇွန်လထဲမှာ ပြောင်းဆန်တစ်ပိဿာကို ကျပ် ၁၇၅၀ ကနေ ၁၇၇၀ အထိ ရှိခဲ့ရာကအနေ ဇူလိုင်လဆန်းမှာ တစ်ပိဿာကို ကျပ် ၁၇၃၀ ကျော် ၁၇၅၀ ကို ပြန်ကျလာတာ တွေ့ရပါတယ်။

ပြောင်းဆန်တစ်တန်ရဲ့FOB ဈေးနှုန်းက အမေရိကန်ဒေါ်လာ၂၆၀ကနေ၂၇၀ဝန်းကျင်ပေါက်ဈေးရှိနေပါတယ်။ ပြောင်းဆန်ဈေးနှုန်း ကျဆင်းနေတယ်ဆိုပေမဲ့ အခုနှစ်မှာ ဈေးကောင်းရတဲ့အတွက် ပြောင်းစိုက်တောင်သူတွေက ပိုစိုက်လာကြလို့ အထွက်နှုန်းတိုး

ဖွယ်ရှိတယ်လို့လည်း ပြောင်းစိုက်တောင်သူတချို့က သုံးသပ်ပါတယ်။

မြန်မာ့ပြောင်းဆန်တွေကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့ပြီးအိန္ဒိယ၊ဖိလစ်ပိုင်နဲ့ဗီယက်နမ်နိုင်ငံတွေကိုလည်း တင်ပို့နေပါ တယ်။ ထိုင်းနိုင်ငံဘက်က မြန်မာ့ပြောင်းတွေကို နှစ်စဉ် ဖေဖော်ဝါရီလကနေ ဩဂုတ်လကုန်အထိ ၇ လအတွင်း အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့ခွင့် ပြုထားပါတယ်။

**Source:** https://onenewstvchannel.com/

## ပြည်ပကိုဆန်တင်ပို့သည့် ဆန်စက် ၂၈ စက်တွင် ဆိုလာစနစ်တပ်ဆင်မည်




ပြည်ပကို ဆန်တင်ပို့နေတဲ့ကုမ္ပဏီကြီးတွေရဲ့ ဆန်စက် ၂၈ စက်မှာ ဆိုလာစနစ်တပ်ဆင်နိုင်ရေး ဆောင်ရွက်နေတယ်လို့ မြန်မာနိုင်ငံဆန် စပါးအသင်း ချုပ်ကနေ သိရပါတယ်။

ဆန်စက်၂၈စက်မှာတပ်ဆင်အင်အား ၄၁ ဒသမ ၉မဂ္ဂါဝပ်ရှိတဲ့ ဆိုလာတပ်ဆင်နိုင်ရေးအတွက် မတ်လ ကစပြီး ကနဦးစူးစမ်းလေ့လာရေး၊ တည်ဆောက်တပ်ဆင်ရေးတို့ကို ဆောင်ရွက်နေတယ်လို့ ဆိုပါတယ်။

အသင်းချုပ်အနေနဲ့လည်းဆန်တင်ပို့နေတဲ့ကုမ္ပဏီကြီးတွေရဲ့ဆန်စက်တွေမှာဆိုလာကိုတိုးမြှင့်သုံးစွဲနိုင်ဖို့ရည်ရွယ်ပြီး ဆိုလာစွမ်းအင်ဆိုင်ရာ ကုမ္ပဏီ၁၇ခုနဲ့ MoUရေးထိုးထားတယ်လို သိရပါတယ်။

ဒါ့ပြင် ဆန်စပါးစိုက်ပျိုးတဲ့ တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးရေရရှိရေး ဆိုလာနဲ့ဆောင်ရွက်နိုင်မဲ့ အလားအလာတွေကိုပါ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်နိုင်ဖို့ စီမံကိန်းရေးဆွဲနေတယ်လိုလည်း သိရပါတယ်။

**Source:** https://onenewstvchannel.com/

## ရှမ်းပြည်နယ်မှ နာနတ်သီးများထွက်ရှိပြီး ပြည်တွင်းဈေးကွက်များသို့ တင်ပို့လျက်ရှိ



မြန်မာနိုင်ငံတွင် နာနတ်သီးများကို ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုး၍ ရှမ်းပြည်နယ်အနေဖြင့် (တောင်ပိုင်း)တွင် ဆီဆိုင်၊ နမ့်စန်၊ မိုင်းကိုင်ဒေသများနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် သီပေါ၊ တန့်ယန်း၊ လာရှိုးမြို့နယ်များတွင် အဓိကစိုက်ပျိုး၍ စိုက်ဧကအနေဖြင့် တောင်ပိုင်းတွင် ဧက ၆၀၀၀ ခန့်နှင့် မြောက်ပိုင်းတွင် ဧက ၇၀၀၀ခန့် စိုက်ပျိုးပြီး ထွက်ရှိမှုအနေဖြင့် အလုံးရေ(၄၅)သန်းခန့် တန်ချိန်အနေဖြင့် ၃၀,၀၀၀ မှ ၄၀,၀၀၀ကျော်ခန့် ထွက်ရှိပြီး ဇူလိုင်လမှ စတင်၍ စက်တင်ဘာလအထိ လှိုင်လှိုင်ထွက်ရှိပြီး ပြည်တွင်းဈေးကွက်များသို့ အဓိကတင်ပို့လျက်ရှိသည်။

နာနတ်သီးစိုက်ပျိုးမှုအနေဖြင့် အများဆုံးစိုက်ပျိုးသည့်မျိုးမှာ သီပေါမျိုး၊ တရုတ်(တိုင်ပေ) မျိုးများကိုသာ အဓိကစိုက်ပျိုး၍ စတင်စိုက်ပျိုးသည့် ပထမနှစ်တွင် တစ်ဧကကုန်ကျစရိတ်အနေဖြင့် ကျပ် ၄၀ သိန်းခန့်ကုန်ကျပြီး စိုက်ပျိုးပြီး ၁ နှစ်ခွဲမှ စတင်ခူးဆွတ်၍ နောက် ၅ နှစ်မှ ၇နှစ်အထိ နှစ်စဉ်ခူးဆွတ်နိုင်သည်။

အသီးများစတင်ထွက်ရှိသည့် ယခုဇူလိုင်လဆန်းပိုင်းတွင် ကုန်သည်များမှ ခြံအထိလာရောက်ဝယ်ယူမှုအနေဖြင့် တစ်လုံးလျှင် ၇၀၀ မှ ၁၀၀၀ကျပ်ခန့်နှင့် အသီးသီးလှိုင်လှိုင်ထွက်ရှိချိန်တွင် ၅၀၀ မှ ၈၀၀ ကျပ်ခန့် တောင်သူများထံက ဝယ်ယူ၍ ရှမ်းတောင်ဒေသ ဆီဆိုင်မှ မန္တလေးနှင့် ရန်ကုန်ဈေးကွက်များသို့ တင်ပို့ရောင်းချကြသည်။

ယခုနာနတ်သီးရာသီတွင် တရုတ်နိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတဆင့် တင်ပို့နိုင်ရန်အတွက်လည်း ရှမ်းမြောက်ဒေသမှ တောင်သူများကိုယ်စားပြုကုမ္ပဏီတစ်ခုမှ ကြိုးစားဆောင်ရွက်လျက်ရှိပြီး ၎င်းကုမ္ပဏီမှာ ၂၀၂၄ ခုနှစ်တွင် နှစ်နိုင်ငံသဘောတူညီချက်ဖြင့် GACC လက်မှတ် ရရှိပြီးဖြစ်ကြောင်း သိရသည်။

**Source:** https://myantrade.gov.mm/

## တညင်းကုန်းဈေးရှိ ဈေးရုံ ၇ ကို စက်တင်ဘာ (၁) ရက်တွင် ဖွင့်လှစ်မည်



တညင်းကုန်းဈေး ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဈေးရုံ ၇ ကို စက်တင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြန်မာအက်ဂရိ အိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MAEX)၏ အထွေထွေမန်နေဂျာ ဦးရဲထွန်းထံက သိရသည်။

အဆိုပါ ဈေးရုံအတွင်း၏ ဆိုင်ခန်းလျှောက်လွှာများကို အထူးပရိုမိုးရှင်းအဖြစ် တညင်းကုန်းဈေး၏ ၁၀ နှစ်ပြည့် ပျော်ပွဲရွှင်ပွဲရက်များဖြစ်သည့် ဇူလိုင် (၄)ရက် ၊ (၅)ရက်နှင့် (၆) ရက်များတွင် အခမဲ့ထုတ်ပေးခဲ့သလို အယောက် (၅၀၀) ကျော် လာရောက်လျှောက်ထားပြီးဖြစ်ကြောင်း သိရသည်။

"ဆိုင်ခန်းတွေကို အခမဲ့လျှောက်လွှာတင်ပြီး အခမဲ့ရောင်းချခွင့်ပေးတာပါ။ ဒီပရိုမိုးရှင်းရက်ကို မမီလိုက်တဲ့သူတွေအနေနဲ့လည်း ရုံးချိန်အတွင်း မနက် ၉နာရီကနေ ညနေ ၅နာရီအထိ ဈေးစီမံခန့်ခွဲရေးရုံး၊ B 12 ပထမထပ်ကို လာရောက် ဆက်သွယ်ပြီးတော့လည်း လျှောက်လွှာတွေ မေးမြန်းစုံစမ်းပြီး တင်လို့ရပါတယ်" ဟုမြန်မာအက်ဂရိ အိတ်(စ်)ချိန်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(MAEX)၏ အထွေထွေမန်နေဂျာ ဦးရဲထွန်းက ပြောသည်။

မကြာမီ ဖွင့်လှစ်မည့် ဈေးရုံ (၇) တွင် လူသုံးကုန်ပစ္စည်းများ၊ လွယ်လင့်တကူ စားသောက်နိုင်သည့် အစားအသောက်များ၊ ရေသန့်၊ အအေးနှင့် ကော်ဖီမစ်အမျိုးမျိုး၊ မုန့်မျိုးစုံ၊ ခေါက်ဆွဲခြောက်မျိုးစုံစသဖြင့် Food & Snack ဆိုင်ခန်းများ၊ ဆေးဆိုင်များ၊ စာရေးကိရိယာဆိုင်များ၊အလှကုန်ပစ္စည်းဆိုင်များနှင့်ကလေးပစ္စည်းရောင်းချသည့်ဆိုင်များ၊မီးဖိုချောင်သုံးပစ္စည်းများ အပါအဝင်လျှပ်စစ်ပစ္စည်းဆိုင်များ ဖွင့်လှစ်သွားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ၊ အင်းစိန်းမြို့နယ်ရှိ တညင်းကုန်းလက်ကားဈေးရုံကြီးစီမံကိန်းကို မြန်မာအက်ဂရိအိတ်(စ်)ချိန်းအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်(MAEX)က ၂၀၁၅ ခုနှစ်ကစပြီး စီမံခန့်ခွဲလုပ်ဆောင်လာခဲ့ပြီး ယခု ၂၀၂၅ ခုနှစ်တွင် ၁၀ နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/

## CITES စာရင်းဝင် ကုန်စည်ပေးပို့ခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် အသိပေးစာကို စင်ကာပူနိုင်ငံက ထုတ်ပြန်

မျိုးသုဉ်းလုနီးပါး အန္တရာယ်ရှိသော တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်မျိုးစိတ်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ် (Convention on International Trade in Endangered Species of Wild Fauna and Flora – CITES) စာရင်းဝင် ကုန်စည်ပေးပို့ ခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသိပေးစာကို အမျိုးသားဥယျာဉ်များဘုတ်အဖွဲ့ (National Parks Board) က ၂၀၂၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါအသိပေးစာသည် CITES စာရင်းဝင်မျိုးစိတ်များ ကုန်သွယ်မှုနှင့်စပ်လျဥ်း၍ ဖော်ပြထားခြင်း ဖြစ်သည်။ CITES သည် တောရိုင်းတိရစ္ဆာန်မျိုးစိတ်များကို ကုန်သွယ်မှုပြုလုပ်ခြင်းကြောင့် ယင်းမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမရှိစေရေး သဘောတူစာချုပ် ဖြစ်သည်။

CITES စာရင်းဝင်မျိုးစိတ်များ နိုင်ငံတစ်နိုင်ငံသို့ ဝင်ရောက်ခြင်း (သို့မဟုတ်) ထွက်ခွာခြင်းတွင် CITES အဖွဲ့ဝင်နိုင်ငံများကို ခွင့်ပြုချက်ဖြင့် CITES စာရင်းဝင် မျိုးစိတ်များ၏ နိုင်ငံ တကာဆိုင်ရာ ရွှေ့လျားမှုကို ထိန်းညှိပေးကြောင်း၊ CITES ခွင့်ပြုချက်များသည် CITES စာရင်းဝင်မျိုးစိတ်များကို ကုန်သွယ်ခြင်းတွင် တရားဝင်ဖြစ်စေရေး၊ ရေရှည်တည်တံ့စေရေးနှင့် ကုန်သွယ်မှုလမ်းကြောင်းကိုခြေရာခံနိုင်စေရေးအတွက်ဆောင်ရွက်မှုဖြစ်သည်။

CITES စာရင်းဝင် မျိုးစိတ်များ ကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ပြန်လည်တင်ပို့ခြင်း လုပ်ငန်းစဉ်များကို နိုင်ငံတကာစံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည်။

CITES ခွင့်ပြုချက်သည် ကုန်တင်မှုတစ်ကြိမ်အတွက်သာဖြစ်ပြီး CITES ခွင့်ပြုချက်နံပါတ်တစ်ခုကို အကြိမ်ကြိမ် ပြန်လည်အသုံးပြုရန်အတွက် စာရွက်များ ထုတ်ခြင်း သို့မဟုတ် ပျောက်ဆုံး/ ပျက်စီးသည့်CITESခွင့်ပြုချက်ကို ပြန်လည်ပုံနှိပ်ခြင်းတို့ကို ဆောင်ရွက်ခွင့်မရှိပါ။

ထိုသို့ ဆောင်ရွက်သည့် လူပုဂ္ဂိုလ် သို့မဟုတ် လုပ်ငန်းနှင့် CITES ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း မရှိပါက မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်များ (တင်သွင်းခြင်းနှင့် တင်ပို့ခြင်း) အက်ဥပဒေအရ အရေးယူခံရမည်ဖြစ်ပြီး ငွေဒဏ်နှင့် ထောင်ဒဏ် ကျခံရမည်ဖြစ်သည်။

တရားဝင်ခွင့်ပြုချက်မရှိဘဲ CITES စာရင်းဝင်မျိုးစိတ်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ပြန်လည်တင်ပို့ခြင်း (သို့မဟုတ်) ဖြတ်သန်းသယ်ယူခြင်းတို့အတွက် ငွေဒဏ်နှင့် ထောင်ဒဏ် ကျခံရမည်ဖြစ်သည်။ မူရင်း CITES ခွင့်ပြုချက်တွင် ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို တင်ပို့ပါက အကောက်ခွန် ရှင်းလင်းရေးလုပ်ငန်းစဉ်များတွင် နှောင့်နှေးနိုင်ပြီး အဆိုပါကုန်စည်များကို သိမ်းဆည်းခြင်း(သို့မဟုတ်)ဖျက်ဆီးခြင်းခံရမည်ဖြစ်သည်။

Source:အမျိုးသားဥယျာဉ်များဘုတ်အဖွဲ့ (NationalParksBoard)

(သွယ်သွယ်ဆုတင်၊ စီးပွားရေးသံမှူး၊ စင်ကာပူမြို့)

https://myantrade.gov.mm/

## Tesla ကုမ္ပဏီ၏ မောင်းသူမဲ့ Robotaxi များ စတင်ပြေးဆွဲ



မကြာသေးခင်အချိန်အတွင်းက Tesla ဟာ သူတို့ရဲ့ Robotaxi ဝန်ဆောင်မှုကို Austin မြို့မှာ စတင်လိုက်ပြီဖြစ်ကြောင်း Tech innovation သတင်းမှာပါရှိပါတယ်။

ခရီးသည်တွေဟာ မိုဘိုင်းဖုန်းထဲက App တစ်ခုကိုနှိပ်လိုက်ရုံနဲ့ မောင်းသူမပါတဲ့ Teslaကားတစ်စီးကသူတို့ရှေ့ကို အလိုအလျောက် ရောက်ရှိလာပြီး သတ်မှတ်ထားတဲ့နေရာကို ပို့ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါဟာ လူသားတွေရဲ့ခရီးသွားလာမှုပုံစံကိုအပြီးတိုင်ပြောင်းလဲပစ်မဲ့တော်လှန်ရေးတစ်ခုရဲ့ ပထမဆုံးခြေလှမ်းလည်း ဖြစ်ပါတယ်။သိပ္ပံဇာတ်ကားတွေထဲက အိပ်မက်ဟာ အခုဆိုရင် Tesla ကြောင့် အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်ရဲ့ Austin မြို့တော်မှာ တကယ်ဖြစ်လာခဲ့ပါပြီ။ Tesla ရဲ့ မောင်းသူမဲ့ Robotaxi ကားတွေဟာ မြို့တော်ရဲ့လမ်းတွေပေါ်မှာ သူ့ရဲ့သမိုင်းဝင် ပထမဆုံးခရီးစဉ်တွေကို တရားဝင် စတင်ပြေးဆွဲနေပြီဖြစ်ပါတယ်။

စတီယာရင်ဘီး၊ လီဗာ၊ ဘရိတ် လုံးဝမပါဝင်ဘဲ ခရီးသည်အတွက်သာ အကောင်းဆုံးဖန်တီးထားတဲ့ ဒီကားဟာ အနာဂတ်ရဲ့ သယ်ယူပို့ဆောင်ရေး ဘယ်လိုပုံစံဖြစ်လာမလဲဆိုတာ ကမ္ဘာကိုချပြမှာဖြစ်ပါတယ်။Tesla ရဲ့ Robotaxi ဟာ လူတွေကို သွားချင်တဲ့နေရာ ပို့ပေးရုံသက်သက်မဟုတ်ပါဘူး။ ကားတစ်စီးပိုင်ဆိုင်ခြင်းရဲ့ အဓိပ္ပာယ်ကိုပါ ပြောင်းလဲပစ်မှာပါ။ အနာဂတ်မှာ Tesla ကားပိုင်ရှင်တွေဟာ သူတို့ရဲ့ကားတွေကို အသုံးမပြုတဲ့အချိန်မှာ Tesla ရဲ့ Robotaxi ကွန်ရက်ထဲကို ထည့်သွင်းထားနိုင်မှာဖြစ်တယ်လို့သိရပါတယ်။

Source : https://onenewstvchannel.com/

## တရုတ်အစိုးရက ဆေးပစ္စည်းတင်သွင်းမှုကို ကန့်သတ်ခြင်းဖြင့် ဥရောပသမဂ္ဂကို လက်တုံ့ပြန်



ပြီးခဲ့သည့်လအတွင်း ဥရောပသမဂ္ဂက တရုတ်နိုင်ငံအပေါ် သွင်းကုန်စည်းကြပ်အခွန်များ တစ်ဖက်သတ် တိုးမြှင့်ချမှတ်ပြီးနောက် တရုတ်အစိုးရကလည်း ဥရောပသမဂ္ဂမှ ဆေးပစ္စည်းများ တင်သွင်းမှုကို ကန့်သတ်ခြင်းအားဖြင့် လက်တုံ့ပြန်လိုက်ကြောင်း တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာန က ဇူလိုင်လ ၆ ရက်တွင် ထုတ်ပြန်သည်။

ဥရောပသမဂ္ဂက တရုတ်နိုင်ငံ၌ ထုတ်လုပ်သည့် လျှပ်စစ်စွမ်းအင်သုံးယာဉ်များ အပေါ် သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံပြီးနောက် တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့ကြား ကုန်သွယ်ရေး တင်းမာမှုများ မြင့်တက်လာခြင်း ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံမှကုမ္ပဏီများအနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၌ တစ်နှစ်လျှင် ယူရိုဘီလီယံ ၆၀ နှင့်အထက် တန်ဖိုးရှိသောဆေးပစ္စည်းများအတွက် တင်ဒါယှဉ်ပြိုင်မှုတွင်ပါဝင်ခြင်းကို ထိုသမဂ္ဂက ကန့်သတ်ထားသည်။ ထို့ကြောင့် တရုတ်အစိုးရကဥရောပသမဂ္ဂမှယွမ် ၄၅ သန်းနှင့်အထက်တန်ဖိုးရှိသည့် ဆေးပစ္စည်း များတင်သွင်းမှုကို ကန့်သတ်လိုက်ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးမှုနှင့်ရိုးသားမှုတို့ကို ဖော်ထုတ်ပြသသော်လည်း ဥရောပသမဂ္ဂအနေဖြင့် ၎င်းတို့၏ နည်းလမ်းအတိုင်း ကိုယ်ကျိုးစီးပွား ကာကွယ်ရေးအတွက် ကန့်သတ်ချက်များကို ချမှတ်သောကြောင့် တရုတ်နိုင်ငံကလည်း လက်တုံ့ပြန်ဆောင်ရွက်ချက်များကို လုပ်ဆောင်ခြင်းမှလွဲ၍ အခြားမရှိသောကြောင့် ယခုကဲ့သို့ ကန့်သတ်ချက်ချမှတ်လိုက်ရခြင်း ဖြစ်ကြောင်း တရုတ်အစိုးရက ထုတ်ပြန်ထားသည်။

Source : https://www.myawady.net.mm/

# STOCK EXCHANGE (7.7.2025)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 7th Jul. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,961 (Shares) | 28,509,650 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,800 | -200 | -2.86% | 6,900 | 6,900 | 6,800 | 1,384 | 9,458,700 | 33,109,694 | 225,146 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 1,545 | 4,932,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 3 | 22,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 5,490 | 10,431,000 | 29,664,613 | 56,363 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,700 | 2,800 | 2,700 | 710 | 1,918,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,650 | 1,650 | 1,600 | 549 | 879,450 | 19,977,223 | 32,962 |
| AMATA | 00007 | 3,800 | +0 | +0.00% | 3,800 | 3,800 | 3,800 | 0 | 0 | 10,497,598 | 39,891 |
| MAEX | 00008 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 280 | 868,000 | 23,804,946 | 73,795 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 7th Jul. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 353.43 | -3.71 | -1.04% | 355.23 | 355.23 | 351.72 | 9,961 | 28,509,650 | 8 | 666,642 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 7th Jul. 2025

| Trading Volume | Trading Value |
|---|---|
| 9,961 (Shares) | 28,509,650 (MMK) |

## Main Board

As of 1:00 pm, 7th Jul. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 9,961 (Shares) | 28,509,650 (MMK) |

| MYANPIX | 353.43 ▼ 3.71 |
|---|---|
| Total Volume (shares) | 9,961 |
| Total Value (MMK) | 29 mil |
| Listed Company | 8 |
| Market Cap. (MMK) | 666,642 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,800 | ▼ 200 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 3,800 | ▲ 0 |
| MAEX | 00008 | 3,100 | ▲ 0 |